# ပြည်သူများ လုံး၀ (လုံး၀) မပေါ့ဆကြပါနှင့်

နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ ဇူလိုင်လ (၂၆) ရက်

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၅-၇-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၁၄:၃၀)နာရီ အချိန်တွင် ထုတ်ပြန်သော သတင်းအချက်အလက်များအရ -
- တစ်ကမ္ဘာလုံးတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေမှာ **ဓာတ်ခွဲအတည်ပြုလူနာဦးရေ စုစုပေါင်း (၁၅,၅၈၁,၀၀၉) ဦးနှင့် သေဆုံးသူဦးရေ စုစုပေါင်း (၆၃၅,၁၇၃)ဦး** ရှိပါသည်။

ရောဂါဖြစ်ပွားမှုအများဆုံး (၁၀) နိုင်ငံ၏ COVID-19 ဖြစ်ပွားမှု အခြေအနေမှာ -

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း)* | COVID-19 ဖြစ်ပွားသူဦးရေ | | | ရောဂါကြောင့် သေဆုံးသူဦးရေ (၂၅-၇- ၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| | | | (၂၄-၇-၂၀၂၀) | (၂၅-၇-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုး လူနာ အသစ် | |
| ၁။ | အမေရိကန် | ၃၂၉.၁ | ၃,၉၃၈,၀၉၄ | ၄,၀၀၉,၈၀၈ | ၇၁,၇၁၄ | ၁၄၃,၆၆၃ |
| ၂။ | ဘရာဇီး | ၂၁၂.၄ | ၂,၂၂၇,၅၁၄ | ၂,၂၈၇,၄၇၅ | ၅၉,၉၆၁ | ၈၄,၀၈၂ |
| ၃။ | အိန္ဒိယ | ၁၃၆၈.၇ | ၁,၂၈၇,၉၄၅ | ၁,၃၃၆,၈၆၁ | ၄၈,၉၁၆ | ၃၁,၃၅၈ |
| ၄။ | ရုရှ | ၁၄၃.၉ | ၈၀၀,၈၄၉ | ၈၀၆,၇၂၀ | ၅,၈၇၁ | ၁၃,၁၉၂ |
| ၅။ | တောင်အာဖရိက | ၅၉.၃ | ၄၀၈,၀၅၂ | ၄၂၁,၉၉၆ | ၁၃,၉၄၄ | ၆,၃၄၃ |
| ၆။ | ပီရူး | ၃၂.၉ | ၃၆၆,၅၅၀ | ၃၇၁,၀၉၆ | ၄,၅၄၆ | ၁၇,၆၅၄ |
| ၇။ | မက္ကဆီကို | ၁၂၈.၉ | ၃၆၂,၂၇၄ | ၃၇၀,၇၁၂ | ၈,၄၃၈ | ၄၁,၉၀၈ |
| ၈။ | ချီလီ | ၁၈.၃ | ၃၃၈,၇၅၉ | ၃၄၁,၃၀၄ | ၂,၅၄၅ | ၈,၉၁၄ |
| ၉။ | ယူနိုက်တက်ကင်းဒမ်း | ၇၉ | ၂၉၇,၁၅၀ | ၂၉၇,၉၁၈ | ၇၆၈ | ၄၅,၆၇၇ |
| ၁၀။ | အီရန် | ၈၂.၈ | ၂၈၄,၀၃၄ | ၂၈၆,၅၂၃ | ၂,၄၈၉ | ၁၅,၂၈၉ |

* UNFPA မှ ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ထားသော လူဦးရေစာရင်း

မြန်မာနိုင်ငံ၊ အိမ်နီးချင်းနှင့် အာရှဒေသနိုင်ငံအချို့၏ COVID-19 ဖြစ်ပွားမှု အခြေအနေမှာ -

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း)* | COVID-19 ဖြစ်ပွားသူဦးရေ | | | ရောဂါကြောင့် သေဆုံးသူဦးရေ (၂၅-၇-၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| | | | (၂၄-၇-၂၀၂၀) | (၂၅-၇-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုး လူနာအသစ် | |
| (က) | ပါကစ္စတန် | ၂၂၀.၉ | ၂၇၀,၄၀၀ | ၂၇၁,၈၈၇ | ၁,၄၈၇ | ၅,၇၈၇ |
| (ခ) | ဘင်္ဂလားဒေ့ရှ် | ၁၆၈.၁ | ၂၁၆,၁၁၀ | ၂၁၈,၆၅၈ | ၂,၅၄၈ | ၂,၈၃၆ |
| (ဂ) | အင်ဒိုနီးရှား | ၂၆၉.၅ | ၉၃,၆၅၇ | ၉၅,၄၁၈ | ၁,၇၆၁ | ၄,၆၆၅ |
| (ဃ) | တရုတ်ပြည်သူ့ သမ္မတနိုင်ငံ | ၁၄၂၀.၁ | ၈၆,၅၀၀ | ၈၆,၆၆၀ | ၁၆၀ | ၄,၆၅၇ |
| (င) | ဖိလစ်ပိုင် | ၁၀၉.၆ | ၇၄,၃၉၀ | ၇၆,၄၄၄ | ၂,၀၅၄ | ၁,၈၇၉ |
| (စ) | စင်္ကာပူ | ၅.၉ | ၄၉,၀၉၈ | ၄၉,၃၇၅ | ၂၇၇ | ၂၇ |
| (ဆ) | ထိုင်း | ၆၉.၃ | ၃,၂၇၉ | ၃,၂၈၂ | ၃ | ၅၈ |
| (ဇ) | မြန်မာ | ၅၄.၃ | ၃၄၆ | ၃၄၉ | ၃ | ၆ |

ဤကဲ့သို့ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကူးစက်ဖြစ်ပွားသေဆုံးမှုများ ဆက်လက်များပြားလျက်ရှိသောကြောင့် ပြည်သူများအနေဖြင့် ပေါ့ဆမှု (လုံး၀) မရှိဘဲ အောက်ပါအချက်များကို ဆက်လက်လိုက်နာကျင့်သုံးပါက မြန်မာနိုင်ငံ၌ COVID-19 ကူးစက်မှုဒုတိယလှိုင်းဖြစ်ရန် အလားအလာ အလွန်နည်းပါမည်။

(က) တတ်နိုင်သမျှ လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံး၀) မသွားကြပါရန်။

(ခ) တစ်ဦးနှင့် တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ကြပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆)ပေ အကွာမှသာ နေထိုင်ပြောဆိုဆက်ဆံကြပါရန်။

(ဂ) အပြင်ထွက်တိုင်းနှင့် လူစုလူဝေးရှိသည့်နေရာများသို့ သွားသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ကြပါရန်။

(ဃ) လက်တွင်ကပ်ပါလာနိုင်သော ပိုးရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောကြပါရန်။

ပြည်ထောင်စုဝန်ကြီး

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန